ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် ( ၅ / ၂၀၂၂ )**

၂၀၂၂ ခုနှစ်၊ မတ် လ ၁၇ ရက်

( ၁၃၈၃ ခုနှစ် ၊ တပေါင်းလဆုတ် ၁ ရက် )

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၂ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု၊ လွှဲအပ်မှုတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ပုံစံ (အခယ-၁၊ အခယ-၂၊ အခယ-၃) တို့မှ ဆိုင်သင့်ရာပုံစံ အသုံးပြု၍ လျှောက်ထားတင်ပြချက် အပြည့်အစုံ ဖော်ပြ လျှောက်ထားပြီးနောက် အချက်အလက် တစ်စုံတစ်ရာကို ထပ်မံဖြည့်စွက် တင်ပြလိုပါက အမှုကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း မထုတ်ပြန်မီ အခွန်အယူခံခုံအဖွဲ့သို့ အချိန်မီ တင်ပြလျှောက်ထားကြရန် အခွန်အယူခံခုံအဖွဲ့သည် ၁၈ - ၁ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၂ / ၂၀၂၁ ) ကို ထုတ်ပြန် သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ထိုသို့ သတ်မှတ်ခဲ့ပြီး ဖြစ်သော်လည်း နှစ်ဖက်ကြားနာသည့်အခါတွင်မှ အကြောင်းပြချက်အသစ်များ ထပ်မံ တင်ပြလျှောက်ထားခြင်းကြောင့် လျှောက်ထားခံရသူမှ အပြည့်အစုံ ပြန်လည်ချေပနိုင်ရေးအတွက် ရုံးချိန်း ထပ်မံချိန်းဆို သတ်မှတ်ပေးရသဖြင့် အမှုကြားနာစစ်ဆေးရာတွင် မလိုအပ်ဘဲ ကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အယူခံမှု၊ ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု၊ လွှဲအပ်မှုများ တင်သွင်းလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန် သတ်မှတ်လိုက်သည်-

( က ) အမှုတင်သွင်း လျှောက်ထားသည့်အခါ သတ်မှတ်ပုံစံ (အခယ - ၁ ၊ အခယ - ၂ ၊ အခယ - ၃ ) တို့မှ ဆိုင်သင့်ရာပုံစံကို အသုံးပြု၍ လျှောက်ထားတင်ပြချက် အပြည့်အစုံကို ဖော်ပြ လျှောက်ထားရမည်၊

( ခ ) လျှောက်ထားချက် တင်သွင်းပြီးသည့်နောက် အချက်အလက် တစ်စုံတစ်ရာ ထပ်မံဖြည့်စွက်တင်ပြလိုပါက အမှုကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ အခွန်အယူခံခုံအဖွဲ့သို့ အချိန်မီ တင်ပြလျှောက်ထားရမည်၊

( ဂ ) အမှုကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း ထုတ်ပြန်ပြီးသည့် နောက်တွင်မှ တင်ပြချက်အသစ်ကို ပေးပို့ခြင်း သို့မဟုတ် ကြားနာသည့်အခါတွင် ထည့်သွင်းလျှောက်လဲခြင်းကို လုံး၀(လုံး၀) ခွင့်ပြုမည် မဟုတ်ပါ။

၅။ အထက်အပိုဒ် ( ၄ ) ပါ သတ်မှတ်ချက်အတိုင်း လိုက်နာခြင်းမပြုဘဲ တင်ပြခြင်း၊ လျှောက်ထားခြင်း ပြုလျှင် သက်ဆိုင်ရာ ခုံအဖွဲ့က အမှုကို သုံးသပ်ဆုံးဖြတ်ရာ၌ အသစ် ပြင်ဆင် တင်ပြသည့် သို့မဟုတ် ကြားနာမှု၌ ဖြည့်စွက် တင်ပြသည့် လျှောက်လဲချက်ကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ရရှိထားပြီး ဖြစ်သည့် လျှောက်ထားချက်ပါ အကြောင်းပြချက်များ အပေါ်တွင်သာ စဉ်းစား သုံးသပ်ဆုံးဖြတ်သွားမည် ဖြစ်သည်။

၆။ ဤအမိန့်ကြော်ငြာစာသည် ၁-၄-၂၀၂၂ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၇။ ဤအမိန့်ကြော်ငြာစာဖြင့် အခွန်အယူခံခုံအဖွဲ့၏ ၁၈-၁-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၂ / ၂၀၂၁ ) ကို လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( မြင့်ဦး )

ဥက္ကဋ္ဌ

စာအမှတ်၊ အခယ (ဖွဲ့) / ၆ / ၀၃ ( ၂၁၃ /၂၀၂၂)

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ မတ် လ ၁၇ ရက်

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များ ၊ အခွန်အယူခံခုံအဖွဲ့

အခွန်အယူခံခုံအဖွဲ့ ၊ ဥက္ကဋ္ဌရုံးခန်း

ညွှန်ကြားရေးမှူးချုပ် ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ၊ အကောက်ခွန်ဦးစီးဌာန

မှတ်ပုံတင်အရာရှိ ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

အ မိန့် အ ရ

( သန့်ဇော် )

ညွှန်ကြားရေးမှူးချုပ်

D:\RATB Notification\Amendment.docx